**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးဗဟိုအဖွဲ့**

အမိန့်ကြော်ငြာစာအမှတ်၊ ၂ / ၂၀၁၉

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

( ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် )

၁။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးဗဟို အဖွဲ့သည် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၂၄ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၃၀ ပုဒ်မခွဲ (ခ) တို့တွင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**လုပ်ငန်းလိုင်စင်ကြေး၊ အခြားအခကြေးငွေ နှုန်းထားများနှင့်**
**ဒဏ်ကြေးများသတ်မှတ်ခြင်း**

၂။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသွား စက်တပ်ရေယာဉ်များနှင့် စက်မဲ့တွဲများ၏ လုပ်ငန်းလိုင်စင်ပျောက်ဆုံးခြင်း၊ ဟောင်းနွမ်းပျက်စီးခြင်းအတွက် မိတ္တူထုတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင်ပါ အချက်အလက်များအား ပြောင်းလဲခြင်း၊ လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်မှုအတွက် ဒဏ်ကြေးပေးဆောင်ခြင်း၊ မြန်မာ့ကမ်းရိုးတန်းသို့ သွားရောက်မည့် နိုင်ငံခြားရေယာဉ်များအား ယာယီထုတ်ပေးသော လုပ်ငန်းလိုင်စင်နှုန်းထား သတ်မှတ်ခြင်းနှင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ လုပ်ကိုင်နိုင်ခြင်းမရှိသည့် လုပ်ငန်းများတွင် အသုံးပြုမည့် နိုင်ငံခြားရေယာဉ်များအား အထူးကိစ္စတစ်ရပ်အနေဖြင့် အနည်းဆုံး သက်တမ်း သုံးလမှ တစ်နှစ်အထိ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းအတွက် အခနှုန်းထားများကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည် -

(က) လုပ်ငန်းလိုင်စင်ပျောက်ဆုံးဒဏ်ကြေး = လုပ်ငန်းလိုင်စင်ကြေး၏ (၃)ဆ

(ခ) လုပ်ငန်းလိုင်စင်ဟောင်းနွမ်းပျက်စီးမိတ္တူထုတ်ပေးခြင်း = ၅၀၀၀ ကျပ်

(ဂ) လုပ်ငန်းလိုင်စင်ပါ အချက်အလက်များပြောင်းလဲခြင်း

- (၁) ရေယာဉ်အမည်ပြောင်းခြင်း = ၅၀၀၀ ကျပ်
- (၂) ရေယာဉ်ပိုင်ရှင်အမည်၊ ရေယာဉ်ပိုင်ရှင် မှတ်ပုံတင်၊ ရေယာဉ်ပိုင်ရှင်လိပ်စာပြောင်းခြင်း = ၅၀၀၀ ကျပ်

(၃) ရေယာဉ်တန်ချိန်ပြောင်းလဲခြင်း = ၅၀၀၀ ကျပ်

(၄) ရေယာဉ်တွင် တင်ဆောင်မည့် ခရီးသည် အရေအတွက်ပြောင်းလဲခြင်း = ၅၀၀၀ ကျပ်

(၅) ရေယာဉ်၏လုပ်ငန်းလိုင်စင် အမျိုးအစားပြောင်းခြင်း = ၅၀၀၀ ကျပ်

(၆) ရေယာဉ်အတိုင်းအတာပြောင်းလဲခြင်း = ၅၀၀၀ ကျပ်

(၇) ရေယာဉ်ခရီးစဉ်ပြောင်းလဲခြင်း = ၅၀၀၀ ကျပ်

(ဃ) လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်မှုအတွက် ပေးဆောင်ရမည့်ဒဏ်ကြေး

(၁) ပြည်နယ်နှင့်တိုင်းဒေသကြီးမှခုတ်မောင်းပြေးဆွဲခွင့် လက်မှတ်ထုတ်ပေးထားသောစက်မြင်းကောင်ရေ (၂၀)နှင့်အထက်ရေယာဉ်များ(ရေယာဉ်လတ်) = ၁၀၀၀၀ ကျပ်

(၂) ရုံးချုပ်မှတ်ပုံတင်ရေယာဉ်ကြီးများ = ၅၀၀၀၀ ကျပ်

(င) မြန်မာ့ကမ်းရိုးတန်းသို့ လာရောက်လည်ပတ်မည့် ခရီးသည်ပို့ဆောင်သည့် နိုင်ငံခြားရေယာဉ်များအား လုပ်ငန်းလိုင်စင် ယာယီထုတ်ပေးရာတွင် ခရီးစဉ်တစ်ခေါက်အတွက် နှုန်းထားများ-

(၁) ရေယာဉ်တန်ချိန် (GT) ၁၀၀ အထိ = ၅၀၀၀၀ ကျပ်

(၂) ရေယာဉ်တန်ချိန် (GT) ၁၀၁ မှ ၂၀၀ အထိ = ၁၀၀၀၀၀ ကျပ်

(၃) ရေယာဉ်တန်ချိန် (GT) ၂၀၁ မှ ၁၀၀၀ အထိ = ၃၀၀၀၀၀ ကျပ်

(၄) ရေယာဉ်တန်ချိန် (GT) ၁၀၀၁ မှ ၁၀၀၀၀ အထိ = ၄၀၀၀၀၀ ကျပ်

(၅) ရေယာဉ်တန်ချိန် (GT) ၁၀၀၀၀ အထက် = ၅၀၀၀၀၀ ကျပ်

(စ) မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ လုပ်ကိုင်နိုင်ခြင်းမရှိသည့် လုပ်ငန်းများ၌ အသုံးပြုမည့် နိုင်ငံခြားရေယာဉ် တစ်မျိုးမျိုးကို အထူးကိစ္စရပ်အနေဖြင့် အနည်းဆုံး သုံးလအထိ ထုတ်ပေးခြင်းအတွက် ၃၀၀၀၀၀ ကျပ် နှင့် သုံးလထက် ကျော်လွန်ပါက တစ်လ လျှင် ၁၀၀၀၀၀ ကျပ်ဖြင့် တစ်နှစ်အထိ ထုတ်ပေးခြင်းအတွက် လုပ်ငန်းလိုင်စင်ကြေး ၁၂၀၀၀၀၀ ကျပ်

၃။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးဗဟိုအဖွဲ့၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၇) ရက် နေ့စွဲဖြင့် ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၉ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုး ပယ်ဖျက်လိုက်သည်။

ဥက္ကဋ္ဌ(ကိုယ်စား)
အတွင်းရေးမှူး
မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်း
သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးဗဟိုအဖွဲ့

စာအမှတ်၊ ရညန/ လငလစ/ အမိန့်ကြော်ငြာစာ/ ၁၁၄၂
ရက်စွဲ ၊၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်

**ဖြန့်ဝေခြင်း**

မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးဗဟိုအဖွဲ့
အဖွဲ့ဝင်များအားလုံး

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း
မြန်မာ့ကမ်းရိုးတန်းသွားသင်္ဘောပိုင်ရှင်များအသင်း

| | |
|---|---|
| ဦးဆောင်ညွှန်ကြားရေးမှူး<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်း အပိုင်း(၁)တွင် ထည့်သွင်းကြော်ငြာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ |

အမိန့်ကြော်ငြာစာတွဲ